# ရေနှင့်မှိုင်း

သံလွင်ဆေး



# ဝေ ... နှင့် ... နှင်း

## သံလွင်ဆေး

### (၁)

ပုစွန်ဆီနှစ်ရောင် တိမ်လွှာတိမ်ထုများ၏ ရောင်ပြန်ဟပ်မှုသည်ကား နယ်မြို့ကလေးဆီသို့ ဖျော့တော့စွာ ဖြာခင်းလျက် ရှိလေသည်။

ယုဂန်အစွန်းသို့ ငုပ်လျှိုးသွားရှာပြီ ဖြစ်သော နေမင်း၏ အရောင်ကား မှေးမှိန် ပျောက်ကွယ်သွားပြီ ဖြစ်သဖြင့် နယ်မြို့ကလေးတွင် လျှပ်စစ်မီးရောင်များ စတင်လင်းစ ပြုလာကြလေပြီ။ လမ်းအသွယ်သွယ်ရှိ လမ်းမီးတိုင်များ ဆီမှလည်း နီယွန်မီးသီးများ၏ အလင်းရောင်များ ပေါ်လာပြီဖြစ်သည်။

"ယုံကြည်နေမယ်နော်၊ အိပ်မက်ဆိုးများ ... ပျောက်ကွယ်လို့ရယ်၊ ခိုင်ခိုင်မြဲမယ့် နှစ်ယောက်တစ်အိပ်မက်ကို **မက် ... ဆဲ ... ပဲ**၊ ××××"

လူသွားလူလာ ခပ်ကျဲကျဲ ရှိသော လမ်းမတစ်နေရာမှာတော့ အသက်၂၀ အရွယ် လူရွယ်တစ်ယောက်သည် သီချင်းလေးညည်းကာ ဖီးဆင့်စက်ဘီးတစ်စီးအား ဖြည်းဖြည်းကလေး နင်းလျက်။

ထို ဖီးဆင့်စက်ဘီး ကလေး၏ အနောက်ထိုင်ခုံတွင် အသက်၁၈ နှစ်အရွယ် မိန်းကလေး တစ်ဦးသည် စက်ဘီးကို နင်းနေသော လူရွယ်၏ ခါးကို ဖက်လျက် ကျောကိုမှီကာ လိုက်ပါ၍ ရှိလေသည်။

"နှင်း၊ နှင်းကို အစ်ကို ဘယ်ဆီ လိုက်ပို့ရဦးမလဲ ...၊ နှင်း ဘယ်သွားချင်

သေးလဲ ... "

"အစ်ကိုကလည်း နှင်းကို မေးနေမှလား ... ငုံးဥသကြားလုံးလေးတွေ ရောင်းတဲ့ဆိုင်ပေါ့"

"ကောင်းပါပြီဗျာ ...၊ ကဲ ... ဒါဆို နှင်းပြီဗျာ ... "

နှင်းဆိုသော မိန်းကလေးသည် လူရွယ်၏ ခါးကို ဖက်ထားလျက် ပြုံးနေလေသည်။ လူရွယ်သည်လည်း သီချင်းလေးဆိုလျက် ဖီးဆင့်စက်ဘီးအား ပုံမှန်လေး နှင်းလေသည်။ သူတို့နှစ်ဦးသည် ထိုနယ်မြို့ကလေး၏ ဆင်ခြေဖုံးရပ်ကွက် တစ်ခုတွင် နေထိုင်ကြသော "ဝေမိုး" ဆိုသော လူငယ်တစ်ဦးနှင့် "နှင်းအေး" ဆိုသော မိန်းကလေး ဖြစ်ကြလေသည်။ သူတို့နှစ်ဦးသည် ချစ်သူစုံတွဲ တစ်တွဲဆိုလျှင် မမှားပေ။ မြို့လေး၏ ဆင်ခြေဖုံးရပ်ကွက်မှ ဆင်းရဲသား မိသားစုများမှ ပေါက်ဖွားလာခဲ့ကြသော သူတို့အဖို့ နှစ်ဖက်မိဘများကြားတွင် ပြဿနာ တစ်စုံတစ်ရာ မရှိဘဲ လူကြီးမိဘများ လက်ခံကြည်ဖြူခြင်း ခံထားရသော စုံတွဲလည်း ဖြစ်လေသည်။

နှင်းအေးအားတင်၍ ဝေမိုးနှင်းလာသော ဖီးဆင့် စက်ဘီးကလေးသည် မြို့ကလေး၏ လမ်းဆုံကြီးဟု နာမည်ကြီးသော လမ်းငါးခွဆုံ ရှိရာသို့ ရောက်၍လာလေသည်။ ထိုလမ်းဆုံကြီး၏ ပလက်ဖောင်း တစ်နေရာတွင် ဖွင့်ထားသော ကွမ်းယာဆိုင်ရှေ့ အရောက်တွင် ဝေမိုးသည် စက်ဘီးကို ရပ်လိုက်သည်။ ထိုဆိုင်သည် ကွမ်းယာဆိုင်ဟု ခေါ်တွင်သော်လည်း မုန့်ပဲသရေစာများနှင့် ကွမ်းရွက်ပုံ၊ ဆရာခို၊ ဆင်ကော်၊ ဘလိတ်ဓားစတဲ့ တိုလီမိုလီ လူသုံးပစ္စည်းများပါ ရောင်းချသော လမ်းဘေးဈေးဆိုင် တစ်ခုဖြစ်သည်။ ထိုဆိုင်ရှေ့တွင် ဝေမိုး စက်ဘီးကို ရပ်လိုက်ရသည့် အကြောင်းအရင်းမှာ သူ့ချစ်သူ နှင်းအေးကြောင့်သာ ဖြစ်သည်။ ထိုဆိုင်တွင် နှင်းအေး အလွန် ကြိုက်နှစ်သက်လေသော ငုံးဥသကြားလုံးများ ရောင်းလေသည်။ ငုံး

ဥ သကြားလုံးချိုချဉ် ဆိုသည်မှာ ဖန်ပုလင်း အကြီးကြီး အထဲတွင် ထည့်၍ရောင်းသော ငုံးဥပုံသဏ္ဍာန်နှင့် ခပ်ဆင်ဆင် ပြုလုပ်ထားသည့် သကြားလုံးချိုချဉ် ဖြစ်သည်။ ပလတ်စတစ် အိတ်ခွံဖြင့် စွပ်ထားသော ချိုချဉ် သကြားလုံးများကဲ့သို့ ဈေးမကြီးပေ။ ထိုငုံးဥသကြားလုံးများကို နှင်းအေးကား အတော်ကြိုက်လေသည်။

ဝေမိုး စက်ဘီးအားရပ်၍ ဒေါက်ပင်မချသေး နှင်းအေးသည် ကလေးငယ်တစ်ဦးကဲ့သို့ ဆိုင်ဆီသို့ အပြေးသွား၍ ငုံးသကြားလုံး ဝင်ဝယ်လေသည်။ ဝေမိုးသည် ကလေးဆန်တတ်သော သူ့ချစ်သူအား ပြုံး၍ကြည့်လျက် လိုက်ဝင်လေသည်။

"ဦးလေး ထုံးစံအတိုင်း ... ငုံးဥသကြားလုံး ၁၀၀ ဖိုး" နှင်းအေးမှ ဆိုင်ရှင်ဦးလေးကြီးအား ပြုံးပြ၍ ငုံးဥသကြားလုံး ဝယ်လေရာ ဆိုင်ရှင်ကြီးမှာလည်း နှင်းအေးအား မှတ်မိနေသည်မို့ ရီရီမောမော စနောက်လေသည်။

"ဟဲ့ ခလေးမ ... နင် တစ်နေ့တစ်နေ့ ငုံးဥသကြားလုံး မစားရရင် မနေနိုင်ဘူးလား ..."

"ပြောမနေနဲ့ ဦးလေးရေ ...၊ ဦးလေးတူမက ငုံးဥသကြားလုံးကို ဖြတ်မလား၊ ကျွန်တော့်ကို ဖြတ်မလား ဆိုရင်တောင် ငုံးဥသကြားလုံးပဲ ထိုင်စားနေမယ့်သူမျိုး ဦးလေးရ"

ဝေမိုးက စနောက်ကာ ဝင်ပြောတော့ နှင်းအေးသည် စူပုပ်ပုပ် မျက်နှာထားကလေးနှင့် ပြုံး၍ ပြန်ပြောလေသည်။

"အာ ... အစ်ကိုကလည်း ... နှင်းက အဲ့လောက်လည်း မဟုတ်သေးပါဘူးနော်၊ အဲ့သလိုသာ ရွေးရမယ်ဆိုရင် နှင်းကတော့ အစ်ကို့ကိုပဲ ရွေးမှာ၊ ဘာလို့ဆို အစ်ကိုက နှင်းကြိုက်တဲ့ ငုံးဥသကြားလုံးတွေ ဝယ်ကျွေးနေကြ မို့လိုလေ ... ဟိဟိ ..."

ဆိုင်ရှင် ဦးလေးကြီးကတော့ အကြောင်းသိတွေမို့ သူတို့နှစ်ဦးအား ရယ်မောလျက် ကြည့်၍ရှိလေသည်။

***

(၂)

ဆိုင်ရှင်ဦးလေးကြီးမှ နှင်းအေးဝယ်ယူသော ငုံးဥ သကြားလုံး ကလေးများကို ပလတ်စတစ် ကြွပ်ကြွပ်အိတ်နှင့် ထုပ်ပိုး၍ ပေးလေသည်။ နှင်းအေးသည် ဆိုင်ရှင်ဦးလေးကြီး ကမ်းပေးသော သကြားလုံးထုတ်ကိုယူ၍ ဝေမိုး၏ လက်ကိုတွဲလျက် ကွမ်းယာဆိုင်လေး၏ တစ်ဖက်တစ်နေရာ ပလက်ဖောင်းစောင်းတွင် သွားထိုင်လေသည်။ သူမသည် ဝေမိုးကိုပါ ထိုင်စေပြီး ဝေမိုး၏ ပခုံးအား ကလေးတစ်ယောက်ကဲ့သို့ ခေါင်းမှီလျက် ငုံးဥသကြားလုံးကလေးများကို စိမ်ပြေနပြေ စားလျက်ရှိလေသည်။ ဝေမိုးသည်လည်း သူ့ချစ်သူ နှင်းအေး လက်ကလေးများကို ဆုပ်ကိုင်ထားလျက် ရှိသည်။ သူတို့နှစ်ဦးသည် လမ်းမကြီး တစ်ဖက်ကမ်းရှိ လမ်းသွားလမ်းလာများကို ငေးကြည့်လျက် ရှိလေသည်။

"အစ်ကို .... နှင်းကို ချစ်လား ... "

"အွန်း၊ မချစ်ရင် အခုလိုရှိမလား ... ဒီကောင်မလေး ... "

"ဘာလို့ ချစ်တာလဲ ... ... "

" ... နှင်းဖြစ်နေလို့ ချစ်တာပေါ့ ... "

"ဟွန်း ... အစ်ကိုကလည်း ... "

"ကဲ ... ပြန်ကြရအောင် ဒေါ်လေးတို့ စိတ်ပူနေမယ် နှင်း ... "

"ခဏလေးပါ အစ်ကိုရဲ့ ခဏလေးပဲနော်၊ နှင်းဒီမှာထိုင်ပြီး လေတိုက်နေတာလေး သဘောကျလို့ ... "

"ဒါဆို နှင်းအခု စားနေတဲ့ ချိုချဉ်တွေကုန်ရင် ပြန်ကြမယ်နော် ... "

"အင်းပါ ... အစ်ကိုရဲ့"

၅မိနစ်မျှ ကြာသောအခါ နှင်းအေးလည်း ချိုချင်များ လက်ထဲမကျန်တော့သည်ဖြစ်၍ သူတို့နှစ်ဦးသည် ထိုလမ်းဆုံကြီးမှ နေ၍ စက်ဘီးကလေးဖြင့် သူတို့နေထိုင်ရာ ရပ်ကွက်လေးဆီသို့ ပြန်ကြလေသည်။

နှင်းအေးနှင့် ဝေမိုးတို့သည် တစ်ရပ်ကွက်တည်း သားချင်းတွေဖြစ်ပြီး ဟိုဘက်လမ်း ဒီဘက်လမ်း နေထိုင်ကြသူများ ဖြစ်သည်။ ဝေမိုးသည် နှင်းအေးတို့ အိမ်ရှိရာ လမ်းကြားကလေး အတွင်းသို့ စက်ဘီးကလေးဖြင့် ချိုးဝင်၍ နှင်းအေးတို့ အိမ်ရှေ့ရောက်သည်အထိ နှင်းအေးအား ပြန်လိုက်ပို့လေသည်။

နှင်းအေးတို့ အိမ်ရှေ့ရောက်သောအခါ အိမ်ဝင်းထဲမှ နှင်းအေး၏ အဒေါ်ဖြစ်သူ ဒေါ်လေးရီမြင့် စောင့်နေသည်ကို တွေ့ရသည်။ ဒေါ်လေးရီမြင့်သည် နှင်းအေး၏ အဒေါ်အရင်းဖြစ်ပြီး နှင်းအေးကို သမီးအရင်းကဲ့သို့ ချစ်ရှာသည်။

နှင်းအေးတွင် မိဘများ မရှိကြတော့။ နှင်းအေးမိဘများ ဆုံးပါးသွားပြီး နောက်ပိုင်းတွင် ဒေါ်လေးရီမြင့်ကပင် နှင်းအေးအား စောင့်ရှောက်လာခဲ့ခြင်း ဖြစ်သည်။ နှင်းအေးသည် အိမ်ရောက်တော့ အိမ်ထဲဝင်လေသည်။ ဝေမိုးကတော့ အပြင်မှာပဲ ကျန်ခဲ့ပြီး ဒေါ်လေးရီမြင့်အား နှုတ်ဆက်လေသည်။

"ဒေါ်လေးရေ ... နှင်းကို ပြန်လိုက်ပို့ပြီးပြီမို့ ... ကျွန်တော်ပြန်ပြီနော် ... "

"အေး သားလေး၊ မင်းညီမ မင်းကို ဘာအနိုင်ကျင့်သေးလဲ ... "

"အနိုင်တော့ မကျင့်ဘူး ... ဒီကောင်မလေး ချိုချဉ်တွေ စားခဲ့သေးတယ် ချောင်းဆိုးတော့မှာ .... ဒေါ်လေးရေ"

"မင်းညီမကတော့ ချိုချဉ်ကြိုက်တာ ပြောမနေနဲ့၊ ဒါနဲ့ သားအမေ မခိုင်ကို

လည်း ဒေါ်လေးဆီ အားရင် လာခဲ့ပါဦး ..."

"ဟုတ်ကဲ့ ဒေါ်လေး၊ နှင်း ... အစ်ကိုပြန်ပြီနော် ..."

"ဟုတ် အစ်ကို တာ့တာနော် ... ည စောစောအိပ်ဦး ..."

ဝေမိုးသည် နှင်းအေးတို့အား နှုတ်ဆက်ပြီးသည်နှင့် သူ၏ ဖီးဆင့်စက်ဘီးနင်း၍ သူ၏အိမ်ရှိရာ တစ်ဖက်လမ်းသို့ ပြန်လာလေသည်။ ဝေမိုးအမေဖြစ်သူသည် ဝေမိုးအား ညစာထမင်းစားစေ၍ မီးပူတိုက်လျက် ရှိလေသည်။ ဝေမိုးသည် ညစာစားပြီးသည့်အခါ စောသေး၍ အိမ်ရှေ့တွင် ထွက်ထိုင်ကာ နှင်းအေးနှင့်သူ ချစ်သူဖြစ်ခဲ့ကြပုံကို တွေးတော၍ နေလေသည်။

***

( ၃ )

နှင်းအေးနှင့် ဒေါ်လေးရီမြင့်တို့ တူဝရီးသည် သူတို့လမ်းထိပ်တွင် မနက်ခင်းပိုင်း ရောင်းသော မုန့်ဟင်းခါးဆိုင်လေး ဖွင့်ထား၍ စားဝတ်နေရေး ဖူလုံရုံမျှသော အဒေါ်နှင့်တူမ တူဝရီး နှစ်ယောက်တည်းသော မိသားစုလေး ဖြစ်သည်။ ဝေမိုးသည် နှင်းအေးအပျိုပေါက် ကတည်းကပင် ချစ်ကြိုက်ခဲ့သူ ဖြစ်ပြီး နှင်းအေး အပျိုဖော်ဝင်ကာစ အရွယ်ကတည်းက ပိုးနည်းပေါင်းစုံဖြင့် ပိုးပန်းခဲ့သူဖြစ်သည်။ ဝေမိုးသည် နှင်းအေးတို့ မုန့်ဟင်းခါးဆိုင်လေးသို့ မနက်တိုင်း မုန့်ဟင်းခါး သွားဝယ်၍ နှင်းအေးအား ပိုးရသည်။ နှင်းအေးအား ဝေမိုးကြိုက်နေသည်ကို တစ်ရပ်ကွက်လုံးက သိကြသည်။ နှင်းအေးနှင့် ဝေမိုးတို့ ချစ်သူတွေ ဖြစ်ခဲ့ကြသည်မှာ ရိုးရှင်းသည်။

တစ်နေ့ ဒေါ်လေးရီမြင့် အလစ်တွင် ဝေမိုးသည် နှင်းအေးအား ရည်းစားစာတစ်စောင် ပေးလေသည်။ ဝေမိုးပေးသော ရည်းစား ားစာသည်လည်း ကဗျာဆန်ဆန် ရှည်ရှည်ဖွဲ့ဖွဲ့နွဲ့နွဲ့ မဟုတ်၊ လိုတိုရှင်း ဖြစ်လေသည်။ ဝေမိုးပေးသော ရည်းစားစာမှာ -

"သူလိုချစ်သူ အများကြီးမရှိ၊ ရှားပါးပါ၏ ငါ့အသိ၊ ပြန်ချစ်နိုင်မလား မျှော်လင့်၏ ..." ဟူ၍ ဖြစ်လေသည်။

နှင်းအေးကလည်း နဂိုကတည်းကပင် ဝေမိုးအား သံယောဇဉ် ရှိပြီးသားဆိုသော်လည်း မိန်းကလေးတို့ ထုံးစံအတိုင်း အဖြေပြန်လိုချင်လျှင် ဘာလုပ်ရမည်ဟု ဆိုကာ ဝေမိုးအား မူလေသည်။ ဝေမိုးလည်း နှင်းအေး ပြောသည်ကို လုပ်မည်ဟု ပြန်ပြောခဲ့သည်။

သို့သော်သူ့အတွက် ခက်ခဲသော အရာဖြစ်လေသည်။ နှင်းအေး လုပ်ခိုင်းသည်ဆိုသည့် အရာမှာ နှင်းအေးတို့ အိမ်ရှေ့တွင် ဝေမိုးမှ ဂီတာတီး၍ သီချင်းတစ်ပုဒ် လာဆိုရမည်ဖြစ်သည်။ ဝေမိုးသည် သီချင်းအား ဆိုတတ်သော်လည်း ဂီတာကား မတီးတတ်ပေ။ မခက်ခဲသည့်ကိစ္စ ဆိုပေမဲ့ သူ့အတွက်တော့ မလွယ်ပေ။ နှင်းအေးကလည်း ဝေမိုး ဂီတာမတီးတတ်သည်ကို သိ၍ တမင်ကျီစယ်ခြင်းသာ ဖြစ်သည်။ ဝေမိုး စဉ်းစားရလေသည်။ ဒီပုံတိုင်းဆို သူဂီတာ တီးတတ်မှ ရမည်။ ဂီတာတီး သင်နေရင်လည်း နှင်းအေးဆီက အဖြေကို ရရန်အချိန်တွေ ကြာရပေဦးမည်။ သူ မည်သို့မည်ပုံ လုပ်ရမည်ကို တစ်နေ့တစ်ည တစ်ရက်လုံးလုံး စဉ်းစား၍ အကြံအိုက်၍ နေလေသည်။

စဉ်းစား၍ အကြံမရသောအခါ အချိန်ပေး၍ ဂီတာတီးသင်ပြီးမှ ချစ်သူ၏အဖြေကို စိတ်ရှည်ရှည် ထား၍သာ ရယူတော့မည်ဟု ဆုံးဖြတ်ကာ ဂီတာတီးကျွမ်းကျင် သူငယ်ချင်းဖြစ်သူ ခိုင်ဝင်းတို့ အိမ်ဘက် ထွက်လာခဲ့လေသည်။

ခိုင်းဝင်းဆီသို့ ဝေမိုး ရောက်သောအခါ ခိုင်ဝင်းသည် အိမ်ထဲတွင် မယ်မိုရီကဒ် ထိုးသွင်း၍ နားထောင်ရသော မီနီဆောင်းဘောက် အသေးလေးတစ်လုံး၊ အခု ခေတ်စားနေသည့် Mp4ဆိုသော စက်ကလေးတစ်ခု၊ ဂီတာတစ်လုံးတို့နှင့် အလုပ်ရှုပ်နေလေသည်။ ခိုင်ဝင်းကို ဘာတွေလုပ်နေသလဲဟု မေးလိုက်သောအခါ ခိုင်ဝင်းသည် ဂီတာတီး၍ သီချင်းဆိုပြီး Mp4 စက်ကလေးနှင့် အသံဖမ်း၍၊ မီနီဆောင်းဘောက် အသေးလေးနှင့် ပြန်နားထောင် နေသည့်အကြောင်း ပြောလေရာ ဝေမိုးခေါင်းထဲတွင် နှစ်ဆယ်ဝ့ါပ် မီးလုံးလေး ဖျတ်ခနဲ လင်းသွားသလို အကြံဉာဏ်တစ်ခု ရသွားလေသည်။

သို့နှင့် ခိုင်ဝင်းထံမှ ဂီတာတီးသင်မည့် အစီစဉ်အား ဖျက်၍ ခိုင်ဝင်းနှင့် တိုင်ပင်ကာ သူ၏ အကြံဉာဏ်အား အကောင်ထည် ဖော်လေသည်။ ထို အကြံမှာ ထူးအိမ်သင်၏ "ခေါင်းလောင်းလေးတွေ မြည်နေပြီ" သီချင်းအား ခိုင်ဝင်းအား စာသားအလွတ် ဂီတာတီးခိုင်း၍ Mp4 နှင့် အသံဖမ်းမည်။ အသံဖိုင်အား မယ်မိုရီကဒ်ထဲ ပြောင်းထည့်ပြီး ထိုမှတစ်ဆင့် မီနီ ဆောင်း ဘောက်လေးအတွင်း မယ်မိုရီကဒ်စိုက်၍ ဂီတာအိုး အတွင်းပိုင်းတွင် မီနီ ဆောင်းဘောက် ငယ်အား ကော်ဖြင့်ကပ်၍ တပ်ဆင့်မည်။ နှင်းအေး၏ အိမ် အရှေ့ အရောက်တွင် ဂီတာအိုးအတွင်း လက်ဖြင့်နှိုက်၍ မီနီဆောင်း ဘောက်လေးအား ပါဝါဖွင့်ပြီး အသံထွက်စေမည်။ ဝေမိုးမှ ကြိုတင် အသံ ဖမ်းထားသော ဂီတာသံစဉ် ထွက်လာသည့်အခါ သီချင်းစာသားအား ဝင် သင့်သည့် နေရာဝင်ကာ အလိုက်ထိုက် လိုက်ဆို၍ ဂီတာတီးသည့် ဟန်လုပ် ပြီး သရုပ်ဆောင်မည်။ နှင်းအေးမှ သူ့အား ပြောထားသည့်အတိုင်း ဂီတာ တီး၍ သီချင်း လာဆိုသည့်အတွက် ပြန်ကြွေပြီး အဖြေပြန်ပေးမည်။ ဒါ သည် ဝေမိုး၏ မဟာ အကယ်ဒမီ အကြံဖြစ်သည်။

ညကိုးနာရီခန့်လောက်တွင် ကြိုတင်ပြင်ဆင် ထားသည့် ဂီတာအားကိုင် လျက် နှင်းအေး၏ အိမ်ရှေ့တွင် ဝေမိုးတစ်ယောက် ဟန်ပါပါဖြစ် ကြိုတင် စီမံထားသည့် အကြံအား အကောင်ထည် ဖော်ခဲ့လေသည်။ နှင်းအေး တစ် ယောက်မှာလည်း အိမ်ထဲတွင်နေ၍ ဝေမိုးဂီတာ မတီးတတ်သည်ကို သိနှင့် ထားသော်လည်း အံ့ဩမှုခဏမျှသာ ဖြစ်ပေါ်၍ ဝေမိုးအား အထင်ကြီးပြီး ရင်း အထင်ကြီးနေ ခဲ့လေသည်။

မနက်ရောက်သော်အခါ နှင်းအေးသည် ရပ်ကွက်ထိပ်မှ ဘောလုံးကွင်းသို့ ဝေမိုးအား ချိန်းဆို၍ ချစ်သည်ဟု အဖြေပြန်ပေးခဲ့ရာ ဝေမိုးနှင့် နှင်းအေးတို့ ချစ်သူတွေအဖြစ်သို့ ရောက်ရှိခဲ့လေသည်။ သုံးလေးရက် အကြာမှာတော့

နှင်းအေးခများ ဖြစ်ကြောင်းအကုန်အစင် ပြန်သိခဲ့ပြီး ဝေမိုးအား အကြီးအကျယ် စိတ်ဆိုးကာ ဗိုက်ခေါက်များ ဆွဲလိမ်ခဲ့ပါသေးသည်။ သို့သော် အဖြေပြန်ပေးထားပြီး ဖြစ်၍ကတစ်ကြောင်း သူမကိုယ်တိုင်က လည်း ဝေမိုးအား နဂိုကပင် သံယောဇဉ် ရှိသည်ကတစ်ကြောင်း ချစ်သူ အဖြစ်ကိုတော့ ပြန်လည် မရုပ်သိမ်းခဲ့ပဲ အခုထိ ချစ်လျက် ရှိနေလေ တော့သည်။

***